ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

သတ္တုတွင်းဝန်ကြီးဌာန

ဝန် ကြီး ရုံး

နေပြည်တော်

အမိန့်ကြော်ငြာစာအမှတ် ( ၄၄ / ၂၀၁၂ )

၁၃၇၄ ခုနှစ်၊ နယုန်လဆန်း ၂ ရက်

( ၂၀၁၂ ခုနှစ်၊ မေလ ၂၂ ရက် )

သတ္တုတွင်းဝန်ကြီးဌာနသည် နိုင်ငံတော်အတွင်း ကျောက်မျက်ရတနာဈေးကွက်ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ကျောက်စိမ်းအရိုင်းများကို တရားမဝင် သယ်ယူပို့ဆောင်ခြင်း၊ ရောင်းချခြင်းနှင့် ပြည်ပသို့ ထုတ်ဆောင်ခြင်းများကို ထိရောက်စွာ တားဆီးနှိမ်နင်းရန် အလို့ငှာ သတ္တုတွင်းဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေး အမှတ်စဉ် ( ၁၂ / ၂၀၁၂) ကြိမ်မြောက်မှ သဘောတူ ဆုံးဖြတ်ချက်အရ မြန်မာ့ကျောက်မျက်ရတနာဥပဒေပုဒ်မ ၅၃၊ ပုဒ်မခွဲ (က)နှင့် မြန်မာ့ကျောက်မျက်ရတနာနည်းဥပဒေ ၅၆ တို့အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

ကျောက်စိမ်းအရိုင်းများကို စည်းကမ်းချက်နှင့်အညီ

သယ်ယူပို့ဆောင်ခွင့်ရှိသည့် ဒေသ သတ်မှတ်ခြင်း

၁။ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေနှင့် နည်းဥပဒေများနှင့်အညီ တန်ဖိုးဖြတ်အဖွဲ့တွင် မှတ်ပုံတင်၍ ရတနာခွန် ပေးဆောင်ပြီးသော ကျောက်စိမ်းအရိုင်းများကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ နေပြည်တော်နှင့် ရန်ကုန်မြို့သို့သာ သယ်ယူပို့ဆောင်ခွင့်ရှိသည်။

၂။ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၏ သက်ဆိုင်ရာ နယ်တူးဖော်ရေး ရုံးခွဲများသည် ကျောက်စိမ်း အရိုင်းများကို နေပြည်တော်နှင့် ရန်ကုန်မြို့သို့ သယ်ယူပို့ဆောင်ခွင့်ပြုရာတွင် အောက်ပါတို့ကို သတ်မှတ်ဖော်ပြ ပေးရမည်-

(က) သယ်ဆောင်သည့် ကုမ္ပဏီ/အသင်း။

(ခ) သယ်ဆောင်သည့် ကျောက်မျက်ရတနာ အမျိုးအစား၊ စုစုပေါင်း အရေအတွက်၊ အလေးချိန်နှင့် အသေးစိတ်စာရင်း။

(ဂ) ရတနာခွန်ပေးဆောင်ခဲ့သည့် စာရွက်စာတမ်း အထောက်အထားများ။

(ဃ) သယ်ဆောင်သူအမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ အဘအမည်နှင့် နေရပ်လိပ်စာ။

(င) သယ်ဆောင်သည့် ယာဉ်အမျိုးအစား၊ ယာဉ်အမှတ်နှင့် ကျောက်မျက်ရတနာ အရေအတွက်နှင့် အလေးချိန် အသေးစိတ်စာရင်း။

(စ) သယ်ယူပို့ဆောင်ရာတွင် ဖြတ်သန်းသည့်မြို့/ဒေသနှင့် လမ်းကြောင်း။

၃။ မည်သူမဆို အပိုဒ် (၂)အရ သတ်မှတ်ဖော်ပြချက်ကို အကြောင်းတစ်စုံတစ်ရာကြောင့် ပြင်ဆင်ပြောင်းလဲလိုပါက မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ကွပ်ကဲမှုအောက်ရှိ သက်ဆိုင်ရာ နယ်တူးဖော်ရေးမျိုးနွဲ့များ၏ ကြိုတင်ခွင့်ပြုချက်ရယူရမည်။

၄။ ရတနာခွန်ပေးဆောင်ပြီးသော ကျောက်စိမ်းအရိုင်းများကို အပိုဒ် (၁)ပါအတိုင်း နေပြည်တော်နှင့် ရန်ကုန်မြို့သို့ သယ်ယူပို့ဆောင်ရာတွင် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ကွပ်ကဲမှုအောက်ရှိ နယ်တူးဖော်ရေးမျိုးနွဲ့များက ထုတ်ပေးသည့် ခွင့်ပြုချက်နှင့် အခြားလိုအပ်သော အထောက်အထား စာရွက်စာတမ်းစုရင်းများ တစ်ပါတည်း ပါရှိရမည်။

၅။ မည်သူမဆို ဤအမိန့်ကြော်ငြာစာပါ သတ်မှတ်ချက်များနှင့် မညီညွတ်သော ကျောက်စိမ်းအရိုင်းများကို သယ်ယူပို့ဆောင်ခြင်း၊ တရားမဝင် လက်ဝယ်ထားခြင်း၊ ရောင်းဝယ်ခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းပြုပါက မြန်မာ့ကျောက်မျက်ရတနာဥပဒေအရ ထိရောက်စွာ အရေးယူခြင်းခံရမည်။

၆။ သတ္တုတွင်းဝန်ကြီးဌာန၏ ၂၀၀၇ ခုနှစ်၊ အောက်တိုဘာလ (၇)ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ (၁၄၄/၂၀၀၇)ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

သိန်းထိုက်
ပြည်ထောင်စုဝန်ကြီး
သတ္တုတွင်းဝန်ကြီးဌာန

စာအမှတ်၊ ၁၀ ခွဲ (၁) ၁၂ ( ၃၆၃၂ )
ရက်စွဲ၊ ၂၀၁၂ ခုနှစ်၊ မေလ ၂၂ ရက်

ဖြန့်ဝေခြင်း

နိုင်ငံတော်သမ္မတရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
လွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
ပြည်ထောင်စုဝန်ကြီးဌာနအားလုံး
ပြည်ထောင်စုရှေ့နေချုပ်ရုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
နေပြည်တော်ကောင်စီ

ဤဝန်ကြီးဌာနရှိ ဦးစီးဌာန/လုပ်ငန်းအားလုံး
ဦးဆောင်ညွှန်ကြားရေးမှူး
ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း

} မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းဖော်ပြပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။

အမိန့်အရ

22/5/12

(မင်းမင်းဦး)
ရုံးအဖွဲ့မှူး
သတ္တုတွင်းဝန်ကြီးဌာန